ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံး

ကြေညာချက်

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်

**မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် (Professional Engineer)**
**ပညာရှင်အဆင့်ဆန်းစစ်ချက်ရေးဖြေစာမေးပွဲ အပိုင်း-၁ အချိန်စာရင်းထုတ်ပြန်ကြေညာချက်**

၁။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီမှ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် (Professional Engineer) ပညာရှင်အဆင့်ဆန်းစစ်ချက်ရေးဖြေစာမေးပွဲ အပိုင်း-၁ ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

(က) **B.E ဘွဲ့ရရှိပြီး လုပ်သက် (၁၅) နှစ်နှင့်အထက်ရှိသူများ**

<u>ပထမနေ့</u>

စာမေးပွဲကျင်းပမည့်နေ့ရက် - ၂၄-၁၁-၂၀၁၈ (စနေနေ့)
စာမေးပွဲကျင်းပမည့်အချိန် - နံနက်ပိုင်း (၀၉:၃၀ နာရီမှ ၁၁:၃၀ နာရီ)
နေ့လည်ပိုင်း (၀၁:၃၀ နာရီမှ ၀၃:၃၀ နာရီ)

<u>ဒုတိယနေ့</u>

စာမေးပွဲကျင်းပမည့်နေ့ရက် - ၂၅-၁၁-၂၀၁၈ (တနင်္ဂနွေနေ့)
စာမေးပွဲကျင်းပမည့်အချိန် - နံနက်ပိုင်း (၀၉:၃၀ နာရီမှ ၁၁:၃၀ နာရီ)
နေ့လည်ပိုင်း (၀၁:၃၀ နာရီမှ ၀၃:၃၀ နာရီ)

မှတ်ချက်- B.Eဘွဲ့လက်မှတ်ရရှိပြီး လုပ်သက်(၁၅)နှစ်နှင့်အထက်ရှိသူများသည်မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်အတွက် ပညာရှင်အဆင့်ဆန်းစစ်ချက်ရေးဖြေစာမေးပွဲဖြေဆိုရန်လျှောက်ထားရာတွင် အပိုင်း-၁ အတွက် (၈) နာရီနှင့် အပိုင်း-၂ အတွက် (၈)နာရီ စုစုပေါင်း (၁၆)နာရီ ဖြေဆိုရမည်ဖြစ်ပါသည်။

(ခ) **မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာပညာရှင်လက်မှတ် (R.S.E) ရရှိပြီးသူများ**

စာမေးပွဲကျင်းပမည့်နေ့ရက် - ၂၅-၁၁-၂၀၁၈ (တနင်္ဂနွေနေ့)
စာမေးပွဲကျင်းပမည့်အချိန် - နံနက်ပိုင်း (၀၉:၃၀ နာရီမှ ၁၁:၃၀ နာရီ)
နေ့လည်ပိုင်း (၀၁:၃၀ နာရီမှ ၀၃:၃၀ နာရီ)

မှတ်ချက်- (၁) မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ် (R.S.E) ရရှိပြီးသူများသည် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်အတွက်ပညာရှင်အဆင့်ဆန်းစစ်ချက်ရေးဖြေစာမေးပွဲဖြေဆိုရန်လျှောက်ထားရာတွင် အပိုင်း-၁ အတွက် (၄) နာရီနှင့် အပိုင်း-၂ အတွက် (၄)နာရီ စုစုပေါင်း (၈)နာရီ ဖြေဆိုရမည်ဖြစ်ပါသည်။

(၂) မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ် (R.S.E) အင်ဂျင်နီယာဆင့်ဆန်းစစ်ချက်ရေးဖြေစာမေးပွဲ အပိုင်း-၁ အောင်မြင်ပြီးသူများသည် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၆) အရ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် (P.E) ပညာရှင်အဆင့်ဆန်းစစ်ချက်ရေးဖြေစာမေးပွဲ အပိုင်း-၁ အား ဖြေဆိုခွင့်ရှိပါသည်။

၂။ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်(P.E) ပညာရှင်အဆင့်ဆန်းစစ်ချက်ရေးဖြေစာမေးပွဲ အပိုင်း-၁ အတွက် စာမေးပွဲဝင်ခွင့်ကြေးကို KBZ Bank ဘဏ်ခွဲများတွင် ငွေစာရင်းအမှတ် 235-304-23500040101 သို့ပေးသွင်း၍ လျှောက်လွှာနှင့်အတူ စာမေးပွဲကြေးငွေသွင်းချလံမိတ္တူ (၂) စောင်၊ ဘွဲ့လက်မှတ်မိတ္တူ (၁) စောင်၊ မှတ်ပုံတင်မိတ္တူ (၁)စောင်၊ ဓါတ်ပုံ (၂) ပုံ ပူးတွဲတင်ပြလျှက် လျှောက်ထား ကြရမည်ဖြစ်ပါသည်။

၃။ စာစစ်ဌာနများအဖြစ် ရန်ကုန်စာစစ်ဌာနနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းရုံးခွဲများတည်ရှိရာ မြို့များတွင် ကျင်းပပေးနိုင်ရန်ရည်ရွယ်ထားပါသည်။ သတ်မှတ်ထားသည့် ဖြေဆိုသူဦးရေ (၅၀) ဦးအောက် လျော့နည်းသော စာစစ်ဌာနများကိုမူ စာစစ်ဌာနပြုလုပ်ကျင်းပပေးနိုင်မည်မဟုတ်ပါ။ သို့ပါ၍ ဖြေဆိုလိုသော စာစစ်ဌာနများကို ဦးစားပေးအစီအစဉ်အလိုက် လျှောက်လွှာတွင်ထည့်သွင်းဖော်ပြရမည်ဖြစ်ပါသည်။

၄။ စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာနှင့်လိုအပ်သောစာရွက်စာတမ်းအပြည့်အစုံကို ၉-၁၁-၂၀၁၈(သောကြာနေ့) နောက်ဆုံးထား၍ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံးချုပ် (သို့မဟုတ်) သက်ဆိုင်ရာ မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းရုံးခွဲများတွင် လျှောက်ထားကြရမည်ဖြစ်ပြီး သတ်မှတ်ချက်မပြည့်စုံသော လျှောက်လွှာများ၊ အချက် အလက်မှန်ကန်မှုမရှိသောလျှောက်လွှာများနှင့် သတ်မှတ်ရက်ထက်နောက်ကျသော လျှောက်လွှာများအား စာမေးပွဲဖြေဆိုခွင့်ပြုမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သန်းစိန်
မှတ်ပုံတင်အရာရှိချုပ်

စာအမှတ်။ မအကစ / ASC / ၁၂၁၂ / ၂၀၁၈
ရက်စွဲ။ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်

ဖြန့်ဝေခြင်း - မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီကြော်ငြာသင်ပုန်း / Website
မိတ္တူကို - ဒုတိယဥက္ကဋ္ဌ (၁) နှင့် (၂)၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
- တွဲဖက်အတွင်းရေးမှူး (၂)၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
- ဥက္ကဋ္ဌ၊ မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီ
- အမိကစာတွဲ
- ရုံးလက်ခံ / မျှောစာတွဲ

# MYANMAR ENGINEERING COUNCIL

## Application For Professional Assessment Written Examination (P.E Part-I)

(To be completed by Applicant in BLOCK LETTERS)

Name (English) ............................................................

( မြန်မာ ) ............................................................

Father's Name (English) ............................................................

( မြန်မာ ) ............................................................

NRC No. (English) ............................................................

Please affix recent photo(Passport Size)

( မြန်မာ ) ............................................................

Date of Birth ............................................................

Engineering Discipline ............................................................

Graduation (Month /Year) ............................................................

E-mail ............................................................

Academic Qualification ............................................................

P.E Application No. ............................................................

P.E Part-I Passed ............................................................

Roll No. and Date: ............................................................

Address (English) ............................................................

..........................................................................................................

Address ( မြန်မာ ) ............................................................

..........................................................................................................

Telephone No. ............................................................

Examination centre. 1st priority ............................................................

2nd priority ............................................................

3rd priority ............................................................

I have had ................. years of practical experience in my engineering discipline.

I enclose herewith*money order/bank draft/cheque No ............................ for the amount of Myanmar Kyats ......................... .(for examination fee)

Date: ............................................

............................................................

(Signature)

N.B. To be accompanied with

(a) Two passport size recent photographs
(b) Copy of B.E./ B.Tech. / AGTI Certificate
(c) Copy of National Registration Card (NRC)